## ၄။ စစ်ဆေးအကဲဖြတ်ခြင်း

ရည်ရွယ်ချက်ကို အခြေခံ၍ စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ကျွမ်းကျင်မှုပိုင်းနှင့် စိတ်ကူးအတွေးအမြင်ပိုင်းဟူ၍ တွေ့ရှိရပါမည်။ ရုပ်ပုံများကို ရေးဆွဲသောအခါ မျဉ်းကြောင်းများကို ပြေပြစ်ချောမွေ့စွာ ရေးဆွဲနိုင်မှု၊ ဆေးရောင်ခြယ်ရာတွင် သန့်ရှင်းသပ်ရပ်စွာ ဆေးခြယ်နိုင်မှုတို့သည် ကျွမ်းကျင်မှုဆိုင်ရာ အကဲဖြတ်ခြင်းတို့ဖြစ်ပါသည်။ ရေးဆွဲထားသောပုံများ၊ ပြုလုပ်ထားသော လက်မှုပစ္စည်းများနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ ရှင်းပြခြင်း၊ ပြန်လည်တင်ပြခြင်းတို့သည် စိတ်ကူးအတွေးအမြင်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းများဖြစ်ပါသည်။

ဆရာများအနေဖြင့် ကလေးတစ်ဦးချင်းစီ၏ ရှင်းလင်းချက်များကို စစ်ဆေးရန်အချိန်မရပါက ၎င်းတို့၏ရှင်းလင်းချက်များကို စာဖြင့် ရေးသားဖော်ပြစေခြင်းဖြင့် ထိရောက်သောအကဲဖြတ်မှုကို ရရှိနိုင်ပါသည်။

အောက်ပါဥပမာသည် စစ်ဆေးအကဲဖြတ်စဉ် အသုံးပြုသည့် Rubric နမူနာဖြစ်ပါသည်။ သို့သော်ကလေးများစာရေးရန် အခက်အခဲရှိပါက ကလေးများ၏ရှင်းလင်းချက်များကို ဆရာများက နားထောင်၍ မှတ်တမ်းစာအုပ်တွင် အမှတ်ပေးနိုင်ရန်ဆောင်ရွက်နိုင်ပါသည်။

### အခန်း(၂) သင်ခန်းစာ(၂) စစ်ဆေးအကဲဖြတ်မှုပုံစံ

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ မိမိပတ်ဝန်းကျင်တွင် တွေ့မြင်ရသောအကြောင်းအရာကို ရေးဆွဲခြင်း။

| | |
|---|---|
| A | မိမိပတ်ဝန်းကျင်ရှိ တွေ့မြင်ရသော အကြောင်းအရာကို သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲနိုင်ခြင်း။ |
| B | မိမိပတ်ဝန်းကျင်ရှိ တွေ့မြင်ရသော အကြောင်းအရာကို ရေးဆွဲနိုင်ခြင်း။ |
| C | မိမိပတ်ဝန်းကျင်ရှိ တွေ့မြင်ရသော အကြောင်းအရာကို မရေး ဆွဲနိုင်ခြင်း။ |

**စစ်ဆေးအကဲဖြတ်ခြင်း**

၂။ စိတ်ကူးထားသောအကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး ရှင်းပြခြင်း။

| | |
|---|---|
| A | စိတ်ကူးထားသော အကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး သေချာစွာရှင်းပြနိုင်ခြင်း။ |
| B | စိတ်ကူးထားသော အကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး ရှင်းပြနိုင်ခြင်း။ |
| C | ဖြည့်စွက်ရေးဆွဲထားသည့်ပုံကို မရှင်းပြနိုင်ခြင်း။ |